
ဘာသာပြန် စာရေးဆရာ - Min Ko Aung
ဆေးသိဒ္ဓိရှင်
(လုံချန်)
(Chapter 1201 - 1215)
စာစဉ် - ၈၁

# ဗဟိုလွင်ပြင်ဒေသ၏ပါရမီရှင်များ (သို့မဟုတ်) ဗဟိုလွင်ပြင်ဒေသ ကလုံချန်

## Chapter (1201)

## ရင်တွင်ကွယ်ဝှက်မြတ်နိုးခဲ့ရပါသည်

"မိတ်ဆွေလေးလို လူငယ်တစ်ယောက်က ဆေးတာအိုကို ပိုင်နိုင်ကျွမ်းကျင်လိမ့်မယ်လို့ ကျုပ်ထင်မထားခဲ့မိဘူး.... သို့သော် ဆေးဝိုင်ထုတ်လုပ်ဖို့က အလွန်ခက်ခဲတဲ့ ပြဿနာပဲ။ အဲ့ဒီအချိန်တုန်းက ဆေးတောင်ကြားနဲ့ ကျုပ်တို့ ပူးပေါင်းမှုကို ရပ်လိုက်တာမှာ ဒီကောင်တွေရဲ့ ဖျံကျမှုအပြင် အခြားအကြောင်းအရာတစ်ခုလည်းရှိသေးတယ်။ ဆေးဝိုင်တွေထုတ်လုပ်တော့ ဆေးတောင်ကြားဟာ ရိုးရိုးသားသားမလုပ်ပဲ သူတို့ရဲ့လုပ်ငန်းစဉ်တွေကို ကျုပ်တို့မလေ့လာနိုင်အောင် ဖုံးဖိထားခဲ့တယ်။ ဆိုတော့ ကျုပ်တို့ ဝိုင်နန်းတော် တပည့်တွေအနေနဲ့ အကျိုးနည်းနည်းမှ မရှိခဲ့ဘူး... ဝိုင်းနန်းတော်နဲ့ဆေးတောင်ကြားတို့ ပူးပေါင်းခြင်းကနေ ဘာအကျိုးအမြတ်မှမရတာ ရှင်းနေတာပဲ။ ဆေးတောင်ကြားက အခြေခံ ဆေးပညာအချို့ကိုပဲ သင်ပေးခဲ့တယ်။ အဓိကကျတဲ့အစိတ်အပိုင်းတွေကိုတော့ ချန်လှပ်ထားခဲ့တာပေါ့။ သူတို့က ကျုပ်တို့ရဲ့ ဝိုင်ဖောက်လုပ်ခြင်းပညာရပ်တွေကို ခိုးသင်တယ်၊ ကျုပ်တို့ကတော့ ဆေးပညာမှာ အပေါ်ယံတွေပဲရခဲ့တယ်"

ဆေးတောင်ကြားနှင့် ဝိုင်နန်းတော်တို့ ပူးပေါင်းမှုတွင် အမှန်တစ်ကယ် အမြတ်ထွက်ခဲ့သူမှာ ဆေးတောင်ကြားသာဖြစ်သည်။ ဆေးတောင်ကြား

သည့် ဝိုင်နန်းတော်မှ ဝိုင်ဖောက်နည်း အတော်များများနှင့် ဝိုင်နှင့်ပတ်သတ်သော ပညာရပ်အများအပြားကို ရရှိသွားခဲ့သည်။ ထို့ကြောင့် လုံချန်က ပူးပေါင်းရန် စကားကမ်းလှမ်းသည့်အခါ ဘုန်းတော်ကြီးသည် အလွန်သတိထားခြင်းဖြစ်သည်။ သူ၏ အထင်ကြီးမှုကို ရစေမည့် အရာတစ်ခုခုအားလုပ်မပြနိုင်လျှင် လုံချန်၏ ကမ်းလှမ်းမှုကို လက်မခံဟုသိသာစေရန် ဘုန်းတော်ကြီးသည် ဤအကြောင်းကို ပြောပြနေခြင်းဖြစ်သည်။

"ကျွန်တော်ဟာ အသက်ငယ်ပေမယ့် ဘယ်လိုပြုမူလုပ်ဆောင်ရမယ်ဆိုတာတွေကို နားလည်ပါတယ်။ အရင်တစ်ခေါက် ဂပိုင်နန်းတော် တပည့်တွေရဲ့ ဝိုင်ကိုဆန်းစစ်ခဲ့တုန်းက ကျွန်တော်ဟာ ဆေးတာအိုကို အသုံးပြုခဲ့တယ်။ အဲ့ဒီမှာ ဝိုင်နန်းတော် တပည့်တွေကို အကျိုးရှိစေမမယ့် အရာများစွာကို ဘုန်းတော်ကြီးလည်း မြင်ခဲ့ပြီးပြီဖြစ်လို့ ဒီကိစ္စဟာ နှစ်ဦးနှစ်ဖက်ကို အကျိုးရှိစေပါလိမ့်မယ်.....ဒါက ဝိုင်တွေကိုမြည်းစမ်းကြည့်ပြီး ကျွန်တော် ရေးထားတဲ့ ဝိုင်ဖော်စပ်နည်းတွေပါ။ ဒါပေမယ့် ကျွန်တော်ကဝိုင်ဖောက်လုပ်ခြင်းပညာရပ်နဲ့ လုပ်ငန်းစဉ်တွေကို မသိတော့ ဒါကို ကနဦးအဆိုပြုချက်လို့ ယူလို့ရပါတယ်.... ဒါပေမယ့် ဒီအဆိုပြုချက်ကို ဘုန်းတော်ကြီးသဘောတွေ့လိမ့်မယ်လို့ ကျွန်တော်အခိုင်အမာယုံကြည်ထားပါတယ်။"

လုံချန်က ဘုန်းတော်ကြီးကို စာရွက်တစ်ရွက်ပေးသည်။ စာရွက်ပေါ်တွင် ဆေးဖော်နည်းအမျိုးမျိုးနှင့် ဝိုင်ဖောက်လုပ်ခြင်းလုပ်ငန်းစဉ်များကို ရေးသားထားရာ ဖောက်လုပ်ခြင်းလုပ်ငန်းစဉ်အတွင်း ဆေးတာအိုနှင့် ဝိုင်တာအိုကြား နှစ်ဦးနှစ်ဖက်အကျိုးများမည့် နေရာများကိုပင် စားရင်းအတိအကျလုပ်ထားသေးသည်။ ထို့ပြင် ဖြစ်နိုင်ချေရှိသော အခက်အခဲများနှင့် ကျရှုံးချေများသော အခြေအနေများကိုဖော်ပြထားခြင်းမှာလည်း အလွန်အသေးစိတ်ကျလျှက် မှန်ကန်သော အဖြတ်အတောက်များနှင့်

ကောက်ချက်အမျိုးမျိုးတို့သည် ဘုန်းတော်ကြီးအဖို့ ယုံရပင်ခက်နေသည်။ ဘုန်းတော်ကြီးသည် ထိုစာရွက်ကို အကြိမ်ကြိမ်ဖတ်ရှုကာ အလွန်အံ့အားသင့်လျှက်ရှိ၏။

လုံချန်သည် ဝိုင်တွင်ပါဝင်သော ကုန်ကြမ်းများကိုတွက်ထုတ်ထားရုံသာမက ချက်လုပ်ခြင်းလုပ်ငန်းစဉ်၊ မီးအားထိန်းချုပ်ပုံ နှင့် ဝိုင်အမျိုးမျိုး ချက်လုပ်ခြင်းအတွက် အမျိုးစုံသော ပညာရပ်များကို ဖော်ပြထားသေးရာ ၎င်းတို့မှာ ကြောက်ခမန်းလိလိ တိကျလျှက်ရှိချေသည်။ ထို့နောက် ဝိုင်နှင့်ဆေးပေါင်းစပ်ရန်အတွက် အယူအဆအချို့ကိုလည်း အဆိုပြုထားသေးသည်။ ယင်းအယူအဆများအနက်အချို့သည် ဆေးတောင်ကြားနှင့် ၎င်းတို့ပူးပေါင်းခဲ့စဉ်က အယူအဆများနှင့် ထပ်တူညီနီးပါးဖြစ်နေကြောင်းနှင့် အများစုသည် လမ်းသစ်ထွင် တင်ပြထားခြင်းမျိုးဖြစ်ကြောင်း တွေ့ရသည်။

ဆေးဝိုင်ထုတ်လုပ်ခြင်းတွင် ၎င်းတို့မဖြေရှင်းနိုင်ခဲ့သည် အခက်အခဲများအတွက် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းချက်များစွာကိုလည်း လုံချန်က ရေးထားသည်။

"တစ်ကယ့်ကို အထင်ကြီးစရာပဲ.... အင်း..... ကန္နေ့ခေတ်လူငယ်တွေများ အတော်ကြောက်စရာကောင်းလာကြတာကိုး.... ဒါဆိုပြောပါဦး...မိတ်ဆွေလေးက အခု ကျုပ်ဆီက ဘာလိုချင်လည်း" ဘုန်းတော်ကြီးကမေးသည်။

"ကျွန်တော်လိုချင်တာက ဝိုင်နန်းတော်ရဲ့ဝိုင်ချက်လုပ်နည်းအချို့နဲ့ ချက်လုပ်ခြင်းလုပ်ငန်းစဉ် အသေးစိတ်ကိုပါ။ ဒါကို ကျွန်တော်က ဆေးတာအိုနဲ့ပေါင်းစပ်မယ်... ဒါပေမယ့်... ဝိုင်းနန်းတော်ကို ကျွန်တော်သဘောတရားရေးရာကိုပဲပြောနိုင်လိမ့်မယ်....ကျန်တာကိုတော့ ဝိုင်နန်းတော်ကပဲ ဆက်လုပ်ရမှာဖြစ်ပါတယ်"

ဘုန်းတော်ကြီးက ပြုံးသည်။

"နှစ်ပေါင်းမရေမတွက်နိုင်အောင် တည်တံ့လာတဲ့ ကျုပ်တို့ ဂုိုင်နန်းတော်မှာ ဝိုင်ဖောက်လုပ်ခြင်းပညာရပ်တွေအများကြီးရှိတာကို မိတ်ဆွေလေးသိသင့်ပါတယ်"

"ဒါဆိုလည်း အဆင်ပြေပါပြီ။ ဒါပေမယ့် ဘုန်းတော်ကြီးမှာ ဝိုင်ဖော်စပ်နည်းပေါင်းများစွာရှိသလို ကျွန်တော့်မှာလည်း ဆေးဖော်နည်းပေါင်းများစွာရှိပါတယ်" သူကလည်းပြုံးသည်။ သို့သော် သူ့အပြုံးသည် ယုံကြည်ချက်အလွန်ခိုင်မာသည့်အပြုံးဖြစ်၏။

"ဟားဟားဟား.....နေရာကျသဟေ့.... ဒါပေမယ့် ကျုပ်က ဒီလိုလူငယ်တစ်ယောက်အပေါ် ရှုံးနိမ့်တယ်လို့ ဝန်ခံရတာကိုတော့ ကြိုက်တယ်။ ကောင်းပြီလေ.... ကျုပ်တို့စမ်းကြည့်ကြတာပေ့ါ။ ကျုပ်တပည့်တွေကို ဝိုင်ဖောက်လုပ်နည်း ဒီနေ့ ပို့ခိုင်းလိုက်ပ့ါမယ်။ ဒါပေမယ့်တစ်ခုတော့ သတိပေးရဦးမယ်...... မိတ်ဆွေလေး သူတို့ကို ပေးတဲ့သဘောတရားတွေနဲ့ ဖော်စပ်နည်းတွေကို သူတို့ ကြိုက်မှဖြစ်မှာနော။ မကြိုက်လို့ အလုပ်မလုပ်ကျရင်ကျုပ်ကိုအပြစ်မတင်နဲ့"

"မပူပါနဲ့ခင်ဗျာ....ဒီလောက်အစွမ်းအစမှမရှိရင် ဝိုင်နန်းတော်နဲ့ အလုပ်အတူတူတွဲလုပ်ဖို့ ဘယ်လို အဆိုပြုရဲမှာလည်း" သူကပြောသည်။

"သဘောတူညီမှုရပြီဆိုတော့ ကျွန်တော် ဘုန်းတော်ကြီးရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို အနှောင့်အယှက် မပေးတော့ပါဘူး။"

ထို့နောက် ဘုန်းတော်ကြီးကို နှုတ်ဆက်၍ သူပြန်လာခဲ့သည်။ နာရီပေါင်းများစွာအကြာတွင် ဘုန်းတော်ကြီးသည် ထိုင်နေရာမှ ရပ်လိုက်ကာအက်ကြောင်းများဖြစ်ပေါ်နေသော ဝိုင်နတ်ဘုရားရုပ်ထုကို ငေးစိုက်ကြည့်နေသည်။

"ဘုန်းတော်ကြီး ကျုပ်ကို ခေါ်တယ်ဆိုလို့"

တုချန်းရှန်ရောက်လာသည်။

"ဘယ်လိုလည်း နိုင်ရဲ့လား" ဘုန်းတော်ကြီးက အသာအယာပြုံးသည်။

"ကျွတ်....မပြောချင်တော့ပါဘူး... ဒီကောင်က ကျုပ်ကို နည်းနည်းတောင်မညှာဘူး။ ကျုပ်ဝိုင်တွေအားလုံးယူသွားတယ်လေ..."

"ဒီကောင်လေးကို ရှုံးနိမ့်တာက မင်းအတွက် ရှက်စရာမဟုတ်ပါဘူး။ ဝိုင်နတ်ဘုရားတောင် သူ့ရဲ့ အမွေးတိုင်းထွန်းညှိပူဇော်မှုနဲ့ ဒူးထောက်အရိုအသေပေးမှုကို လက်မခံဝံ့ဘူး။ ဒူးကွေးရုံရှိသေးတယ် ဝိုင်နတ်ဘုရားရုပ်ထု ပျက်ဆီးကာနီးနီးဖြစ်သွားခဲ့ရတယ်။ သူဟာ မှန်းဆမရတဲ့တည်ရှိမှုတစ်ခုပဲ"

"ဒီကောင်လေးက ဒီလောက်တောင်ကြောက်ဖို့ကောင်းတာလား"

တုချန်းရှန်သည် ဝိုင်နတ်ဘုရားရုပ်တုကို အံ့အားသင့်ဟန်နှင့် ကြည့်လိုက်သည်။

"ချန်းရှန် ကျုပ် ဝိုင်နတ်ဘုရားရဲ့ ထိုးထွင်းသိမြင်မှုကို ရရှိပြီးပြီ။ လုံချန်ဟာ ကျုပ်တို့ဂုိုင်နန်းတော်အတွက် ကြီးမားတဲ့ အကျိုးကျေးဇူးကို ရစေလိမ့်မယ်။ နောင်လုံချန်လာတဲ့အခါ မင်းကိုယ်တိုင်ကြိုးကြပ်ပြီး သူ့ကိုကြိုဆိုရမယ်"

"တပည့် နားလည်ပါပြီ"

"ကျုပ်တို့ဝိုင်နန်းတော်နဲ့ လုံချန်ရဲ့ ပူးပေါင်းမှုဟာ ဝိုင်နယ်ပယ်မှာပဲဖြစ်တယ်။ ကံတရားရဲ့ ရိုက်ခတ်မှုကိုမခံရအောင် ရှေးဟောင်းကျမ်းတွေကိုထုတ်မပြပါနဲ့။ ဒါပေမယ့် ဒါကလွဲရင် အခြားနေရာမှာတော့ လျှို့ဝှက်ဖို့မလိုဘူး။ အရာအားလုံးကို သဘာဝ ကျကျဖြစ်ခွင့်ပေးတာက အကောင်းဆုံးပေါ့.... မင်း သူနဲ့ပုံမှန်ဆက်ဆံနေကျအတိုင်းသာ ဆက်ဆံပါ" ဘုန်းတော်

ကြီးကပြောသည်။

"တပည့်နားလည်ပါပြီ.... ဟဲဟဲ... ဒါ့ကြောင့် ဒီကောင်လေးက အရမ်းဆိုးတာကိုး.... ထင်ထားတဲ့အတိုင်း ရိုးမှမရိုးတာ..."

...

လုံချန်သည် မှန် နန်းဆောင်သို့ ပြန်လာခဲ့သည်။ သူ့နေသည့်အဆောင်ကို ရောက်လျှင် ကျိယန်သည် သူ့အားအခန့်သားစောင့်ဆိုင်းနေသည်ကိုတွေ့ရသည်။

"လုံချန်... ဘုန်းတော်ကြီးရဲ့ လမ်းညွှန်မှုကြောင့် ကျွန်မ အဆင့်တက်ဖို့ အလွန်နီးကပ်သွားပြီ။ မနက်ဖြန် ဂီတနန်းတော်ကိုပြန်ပြီး ကျွန်မ ကျင့်စဉ်ဝင်ရမယ်" ကျိယန်ကပြောသည်။

"မိန်းကလေးကျိယန် အလျင်လိုလှချည်လား" လုံချန် အံ့အားသင့်သွားသည်။ ထို့ပြင် ဂီတတာအိုကျင့်ကြံသူများ အဆင့်တက်သည့်အခါနှင့်ပတ်သတ်၍ သူသည် စိတ်ဓာတ်ကျချင်ချင်ဖြစ်ရသည်။ ဤကဲ့သို့ အဆင့်တက်ခြင်းမျိုးသည် လွယ်ကူးလွန်းနေသည် မဟုတ်လော။ စကားအနည်းငယ်ကို နားထောင်၍ ထိုးထွင်းသိမြင်မှုအနည်းငယ်ဖြစ်ပေါ်သည်နှင့် အထက်အဆင့်ကို တက်သွားမည်လော။ ၎င်းသည် သိုင်းလမ်းစဉ်ကိုလျှောက်သည့် သိုင်းသမားတစ်ဦးထက် များစွာသက်တောင့်သက်သာရှိသည်။ သိုင်းသမားများသည် တစ်ဆင့်ပြီးတစ်ဆင့်တက်ရသည်။ တစ်ဆင့်ပြီးလျှင် နောက်တစ်ဆင့်ကို ချိုးဖျက်ရန်ခက်သည်။ သို့သော် ဂီတ ကျင့်ကြံသူများနှင့် ဝိုင်တာအိုကို လိုက်စားသူများမှာ စိတ်စွမ်းအင်ကိုလေ့ကျင့်ကြသူများဖြစ်ပြီး ထိုးထွင်းသိမြင်ခြင်းသည် သူတို့အတွက်အလွန်အရေးကြီးသည်။

သို့တိုင်အောင် သိုင်းလမ်းစဉ်ကိုလျှောက်သူများသည် သက်တောင့်သက်သာအဆင့်တက်ခြင်းမျိုးမရှိဟု ဆိုသော်လည်း အဆင့်တက်ခြင်းတွင်

မြန်ဆန်သည်ဟု ပြောကြသည်။ သူတို့သည် ကျင့်ကြံစရာရှိသည်ကို တစ်ဆင့်ခြင်းကျင့်ကြံ၍ အဆင့်တက်ကာနီးလျှင် ဆေးကိုအသုံးပြုရုံသာ ဖြစ်သည်။ ဂီတတာအိုနှင့် ဂ႘ိုင်တာအိုကဲ့သို့ ထူးခြားသည့်လမ်းစဉ်ကို လိုက်စားသူများအတွက်မူ ဆေးသည် အသုံးမဝင်သလောက်ဖြစ်သည်။ ရံဖန်ရံခါ ထိုးထွင်းသိမြင်မှုတစ်ခုမရှိခြင်းက ၎င်းတို့အား အဆင့်တစ်ခုတွင် နှစ်ပေါင်းများစွာတန့်နေစေသည်။ ဥပမာအားဖြင့် အဆင့်တက်၍ မရဘဲ လ ပေါင်းများစွာတန့်နေသော ကျိုယန်၏ ကျင့်စဉ်ဖြစ်သည်။ ဘုန်းတော်ကြီး၏ အကူအညီသာမရှိလျှင် သူမသည် နှစ်ပေါင်းများစွာမှ ဆယ်စုနှစ်တစ်ခုကြာ သည်ထိ ရပ်တန့်နေနိုင်သည်။ ဤအတားအဆီးသည် သူမ၏ စိတ်ပိုင်း ဆိုင်ရာ အကန့်အသတ်တစ်ခုဖြစ်လာခဲ့သော် တစ်သက်တာလုံး အဆင့်မ တက်နိုင်သည်ထိပင် ဖြစ်သွားနိုင်သည်။

"လုံချန် လွန်ခဲ့တဲ့နှစ်တွေမှာ ရှင်လူပေါင်းများစွာသတ်ခဲ့ခြင်းက ရှင့် မျက်ဝန်းတွေထဲမှာ သတ်ဖြတ်ခြင်းအသိဟာ အလွန်ပြင်းထန်လာစေတယ်။ ရှင့်အကြည့်တွေထဲမှာ သွေးပင်လယ်တွေလှုပ်ရှားနေတယ်။ ဒါကိုရှင်မသိ ဘူးလား"

ကျိုယန်က လုံချန်၏ မျက်ဝန်းများအတွင်းကို စိုက်ကြည့်ကာ သက်ပြင်းချ သည်။

"ကျုပ်ကို တရားမဟောပါနဲ့ မိန်းကလေး.... အရှေ့မြေရိုင်းဒေသကတရား ကျုပ်ဆက်မနာနိုင်တော့ဘူး။ ဒါက အဆိုးဆုံးခေါင်းစဉ်ဖြစ်သလို အလွန်မှ လည်း နာကျင်စရာကောင်းပါတယ်"

သူကခေါင်းခါသည်။

အရှေ့မြေရိုင်းဒေသတွင် ကျိုယန်သည် လုံချန်ကိုတရားဟောရန် ကြိုးစား ခဲ့ဖူးရာ အဆုံးတွင် သူတို့နှစ်ဦးသည် မကောင်းသောအမြင်များနှင့်ခွဲခွာခဲ့ကြ

ရသည်။ သူတို့တွင် ကိုယ်ပိုင်အတွေးခေါ်ကိုယ်စီရှိကြပြီး တစ်ဦး၏ အတွေးအခေါ်သည် တစ်ဦးအပေါ်သက်ရောက်လွှမ်းမိုးနိုင်ခြင်းလည်းမရှိပေ။

"လုံချန် ရှင်ဘယ်တော့မှ မှန်မကြည့်ဘူးလားဟင်.... ရှင့် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာက နောက်ထပ်လုံချန်တစ်ယောက်ကိုသတိမထားမိဘူးလား" ကျိုယန်က သူ့ကို စိုးရိမ်တကြီးကြည့်ပြီးပြောသည်။

သူ့ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ သူကိုယ်တိုင်လည်း သူ့ကိုယ်သူ တစ်ခုခုမှားနေပြီဟု မကြာသေးမီကစပြီး ထင်နေခဲ့သည်။ မှန်ကိုကြည့်သည့်အခါတိုင်း ကြောက်ရွံ့မှုကြောင့် သူ့မျက်ဝန်းများကိုသူ မကြည့်ဝံ့အောင်ဖြစ်ရသည်။

"ဒါကို ရှင်လည်း သတိထားမိတယ်ထင်တယ်.... လုံချန်... ရှင်လူပေါင်းများစွာကိုသတ်ထားခဲ့ပြီးပြီ။ ရှင့်ကိုယ်ထဲမှာရှိတဲ့ အရိပ်မဲက သတ်ခံရသူတွေရဲ့ မကျေချမ်းမှုတွေကို စုပ်ယူပြီး မြန်မြန်ဆန်ဆန်အင်အားကောင်းလာနေတယ်။ ဒီအတိုင်းဆက်သွားရင်ရှင့်ကိုယ်ရှင် မထိန်းနိုင်တော့ဘဲ သွေးဆာတဲ့မိစ္ဆာတစ်ယောက်ဖြစ်လာတော့မယ်။ ရှင့်စိတ်တွေ တဖြည်းဖြည်းခက်ထန်လာတာ၊ ဒေါသထွက်လွယ်လာတာတွေကို သတိမထားမိဘူးလား... ရှင့်ကိုယ်ရှင် ပိုပိုပြီး မထိန်းချုပ်နိုင်အောင်ဖြစ်လာနေပြီ။" ကျိုယန်ကပြောသည်။

"ဖြစ်ကောင်းဖြစ်နိုင်တယ်။ အရင်က အောက်လမ်းသိုင်းသမားတွေဟာ ကျုပ်ထက်လူအများကြီးပိုသတ်ပေမယ့် ဘာလို့ ဘာမှမဖြစ်တာလည်းဆိုတာကို ကျုပ်သိချင်ခဲ့တယ်" လုံချန်ကပြောသည်။

"ဘာလို့လည်းဆိုတော့ သူတို့မှာအောက်လမ်းနတ်ဘုရားကြီးရှိလို့ပဲ။ အောက်လမ်းနတ်ဘုရားကြီးနဲ့ သူတို့ရဲ့ ကံကြမ္မာဟာ အချင်းချင်းချည်နှောင်

ထားကြတယ်။ ရှင့်မှာကံကြမ္မာမရှိဘူး.... ဒါ့ကြောင့်ရှင်က အမြစ်မရှိတဲ့ မြက်ပင်လို၊ ကြိုးမဲ့စွန်တစ်ကောင်လိုပဲ။ ရှင့်ကိုယ်ရှင်မထိန်းနိုင်ဘူး.... တစ်နေ့ သတ်ဖြတ်ချင်စိတ်က ရှင့်ကို အပြီးတိုင်လွှမ်းမိုးသွားခဲ့ရင် ရှင်ဟာ လူသတ်စက်ဖြစ်လာလိမ့်မယ်" ကျိုယန်ကပြောသည်။

"ကျုပ်မှာ ကျုပ်ရဲ့ ကိုယ်ပိုင်ယုံကြည်မှုရှိထားပြီးသားပါ။ ကျုပ်ယုံကြည်မှုက ကျုပ်မိသားစု၊ ကျုပ်ချစ်သူတွေ နဲ့ ကျုပ် ညီအကိုတွေပဲ။ သူတို့တစ်တွေဟာ ကျုပ်အသက်ကို စွန့်လွှတ်ပြီး ကာကွယ်ရမယ့်သူတွေ၊ ကျိုယန်မိန်းကလေး ကျုပ်ကို သတ်ဖြတ်တာတွေ ထပ်မပြောပါနဲ့တော့ ကျုပ်ကိုပြုပြင်ဖို့လည်းမကြိုးစားပါနဲ့။ အရှေ့မြေရိုင်းဒေသမှာ ကျုပ်တို့ အတော်များများပြောခဲ့ကြပြီးပါပြီ။ ဒါပေမယ့် တစ်ခေါက်ထပ်ပြောဦးမယ်။ မိန်းကလေးဟာ ကျုပ်မဟုတ်သလို ကျုပ်ကလည်း ကျိုယန်မိန်းကလေးလိုမဟုတ်ပါဘူး...မိန်းကလေးရဲ့တာဝန်က ကောင်းကင်ရဲ့ အမှုတော်ကိုထမ်းဖို့။ ကောင်းကင်ကဆုံးဖြတ်သမျှဟာမှန်တယ်လို့ မိန်းကလေးက ထင်တယ် ... ကျုပ်ကတော့မဟုတ်ဘူး။ ကျုပ်တို့ကြားမှာ တစ်ဦးရဲ့ရှုထောင့်ကနေ တစ်ဦးရှုမြင်နိုင်ခြင်းမရှိတဲ့အခြေခံကျတဲ့ ကွာဟချက်တွေရှိတယ်။ ဒါ့ကြောင့် ကျုပ်ကို ဒီအကြောင်းနဲ့ပတ်သတ်ပြီးထပ်မပြောပဲနေလို့ရမလား။ ကျုပ်ထက်ပိုပြီး အလွန်ဆိုးသွမ်းရက်စက်တတ်သူတွေ၊ လူယုတ်မာတွေ လောကမှာ အများကြီးရှိရက်နဲ့ မိန်းကလေး ကျုပ်အပေါ်ပဲဘာလို့ အာရုံစိုက်နေတယ်ဆိုတာကို ကျုပ်မစဉ်းစားတတ်ဘူး" လုံချန်ကပြောသည်။

ကျိုယန်သည် ခဏကြာအောင်တွေဝေနေပြီး နောက်ဆုံးတွင် သက်ပြင်းချလိုက်သည်။

"ဘာ့ကြောင့်လည်းဆိုတော့ရှင်က ကျွန်မနဲ့ အထုံပါလာတဲ့ မိဇ္ဈာကြွယ်ဖြစ်နေလို့ပဲ"

"အဲ့တာ ဘာကိုဆိုလိုတာလည်း" လုံချန်နားရှုပ်သွား၏။

"ဆိုလိုတာက ရှင်နဲ့ကျွန်မဟာ ရန်သူဖြစ်ဖို့ အထုံရေစက်ပါလာကြသူတွေပဲ။ ရှင်မသေရင် ကျွန်မသေလိမ့်မယ်"

ကျိုယန်က သူ့ကို ရှုပ်ထွေးစွာကြည့်သည်။ အမှန်တော့ အရှေ့မြေရိုင်းဒေသက ထွက်ခွာလာကတည်းက ကျိုယန်သည် လုံချန်သည်သူ့၏မိတ္တာကြယ်ဖြစ်သည်ဟုသော အတွေးကို စွန့်ပစ်ခဲ့ပြီးဖြစ်သည်။ သို့သော် ဤတစ်ကြိမ်တွေ့ဆုံမှုက ကံကြမ္မာကားမပြောင်းလည်းနိုင်ဟု သူမသဘောပေါက်ခဲ့၏။

"မိန်းကလေးရဲ့ ဟာသက နည်းနည်းမှမရယ်ရဘူး" သူက ခေါင်းယမ်းသည်။

"ဒါဟာသမဟုတ်ဘူး။ အရှေ့မြေရိုင်းဒေသမှာကတည်းက ရှင့်ကိုကျွန်မသတ်ခဲ့သင့်တယ်။ ဒါပေမယ့် ကျွန်မမလုပ်ရက်ခဲ့ဘူး။ ဒီတစ်ကြိမ် ရှင့်ရဲ့ကျွန်မအပေါ် လွှမ်းမိုးမှုဟာ ပိုပြီးကြီးမားလာတာကို သတိထားမိတယ်။ ရှင့်ကြောင့် ကျွန်မနှလုံးသားမငြိမ်းချမ်းရဘူး။ ကျွန်မရင်ထဲ ရှင့်ပုံရိပ်စွဲမြဲနေမှာကိုကျွန်မကြောက်တယ်။ ဒါပေမယ့် ကျွန်မရင်ထဲက ရှင့်ပုံရိပ်ကိုဘယ်လိုမှဖျောက်ဖျက်လို့မရဘူး။ လုံချန်ရယ်.... အခွင့်အရေးတစ်ခု ရှိသေးတယ်။ သတ်ဖြတ်တာတွေကိုစွန့်လွှတ်ပြီး ကျွန်မတို့ပုံရိပ်ယောင် ဂီတနန်းတော်ကိုလိုက်ခဲ့ပါလား... ကျွန်မတို့ အေးအေးချမ်းချမ်းနေကြမယ်လေ"

ကျိုယန်သည် သူ့ကို အသနားခံသည့် အသံဖြင့်ပြောနေသည်။ လုံချန်အလွန်အံ့ဩသွား၏။ ကျိုယန်၏ အမူအရာမှာ သူ့အားနောက်နေခြင်းမဟုတ်။ ယခုမှ ဤအခြေအနေသည် မည်မျှအရေးကြီးကြောင်းကို သူနားလည်လာ၏။

"ရှင့်အတွက်ဆို... ကျွန်မရဲ့ ဂီတတာအိုလမ်းစဉ်ကိုတောင် စွန့်လွှတ်နိုင်

တယ်။ ရှင်...လူဆက်မသတ်ပါနဲ့တော့လားဟင်... လုံချန်"

ကျိုယန်သည် သူ့၏ လက်ကို ညင်သာစွာကိုင်လိုက်လေ၏။

.....

မှတ်ချက်။ ။

ဤနေရာတွင် တစ်ခုရှင်းပြချင်ပါသည်။ ကျိုယန်သည် လုံချန်နှင့်တွေ့စဉ်မှစ၍ လုံချန်အပေါ် နင့်နင့်နဲနဲချစ်မြတ်နိုးသွားခဲ့၏။ သူမသည် သူမရင်၏ အနက်ရှိုင်းဆုံးနေရာတွင် နေရာယူထားသော လုံချန်ဟူသည့် လူတစ်ယောက်ကို မည်သို့မျှ မေ့ဖျောက်ရန် မကြိုးစားနိုင်ခဲ့ပါ။ ဂီတနန်းတော်သည် အပျို-လူပျိုများကြား ချစ်ကြိုက်၍ အိမ်ထောင်ပြုခြင်းကို တားမြစ်ထားပေရာ အပြဟ္မာစရိယာ အကျင့်ဖြင့် နေထိုင်ကြရသည်ဟု ယူသော် ရပေသည်။ သို့သော် မိမိအလွန်ချစ်မြတ်နိုးသူကို မည်သို့မျှ မေ့ပစ်၍ မရသောအခါ ဂီတတာအိုလမ်းစဉ်တွင် ရှေ့ဆက်တက်မရအောင် ပိတ်ပင်တားဆီးနိုင်သည့် စိတ်ပိုင်းဆိုင်ရာအဟန့်အတားတစ်ခုဖြစ်လာခဲ့၏။ ထို့ကြောင့် ဂီတတာအိုလမ်းစဉ်ကို ဆက်လျှောက်လိုပါက လုံချန်ကိုသတ်မှပင်ဖြစ်နိုင်မည်။

***